# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ

published by the Communication and Media Operators Committee

စက်တင်ဘာ ၁၀ ရက် ၂၀၀၄

# ၁၀ ရက်မြောက်နေ့

မြန်မာ့ ဒီမိုကရေစီရေးအတွက် ငြိမ်းချမ်းစွာ တောင်းဆိုဆန္ဒပြနေသည့် ခရီးရှည်ချီတက်ပွဲ သည် ချီတက်သူရဲဘော်များ ၏ မဆုတ်မနစ်သော ဇွဲ လုံ့ လ တို့ ကြောင့် ဆယ်ရက်မြောက် သော နေ့ တွင် ခရီး မိုင် ပေါင်း ၁၁၃ မိုင် အထိ ခရီးရောက်ခဲ့ပြီဖြစ်သည်။ ဆယ်ရက်တာခရီးစဉ်ကို ပြန်လည် ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက– ချီတက်သူသုံးဦးဖြင့်သာ စတင်ခဲ့သော ခရီးစဉ် မှ တဖြည်းဖြည်း သုံးလအရွယ် ကလေးငယ်မှ အစ နေ့ စေ့လစေ့ ကိုယ်ဝန်ဆောင် အမျိုးသမီး ပါဝင်သော မြန်မာတိုင်းရင်းသားမိသားစုဝင်များ၊ Oversea Karen Refugees Social Organization မှ အဖွဲ့ ဝင်များ၊ သံ ဃာ တော် များ၊ ရဲဘော်ဟောင်း များ၊ Utica နှင့် New York မြို့ တို့ မှ ဒီမိုကရေစီ အင်အားစုများ၊ ချီတက်ရာလမ်းတလျှောက်ရှိ နိုင်ငံခြားသားများ ––– စသဖြင့် အချိန်ပိုင်းပါဝင်ချီတက်လာသူ ရာဂဏာန်းအထိ တိုးများလာစေနိုင်ခဲ့သည်။

☐ ထို့ အပြင် Fox 23, Capital News 9, Times Union, RFA, Daily Freeman, BBC –– အစရှိ သည့် သတင်းဌာနများမှ ချီတက်သူများနှင့် စိတ်ဝင်တစားလာရောက်တွေ့ ဆုံ မေးမြန်းကာ မြန်မာ့ဒီမိုကရေစီအရေးနှင့်ပတ်သက်သည့် သတင်းများထုတ်ပြန်ပေးစေနိုင်ခဲ့သည်။

☐ ချီတက်တိုက်ပွဲဝင်နေကြသည့် ဦးဟန်လင်း၊ ဦးမောင်မောင်တိတ် နှင့် ဦးဝင်း ရွှေ တို့ က "တညီတညွတ်တည်းပင် တိုက်ပွဲတစ်ဝက်လောက် ခရီးရောက်လာပြီးခဲ့တဲ့ အထိ ကျွန်တော်တို့ မျှော်လင့် ထားတာထက် အများကြီးအောင်မြင်တယ် အခက်အခဲ တွေ အများကြီးနဲ့ ရင်ဆိုင်ကြုံတွေ့ နေရပေမယ့် ကျွန်တော်တို့ လုံးဝနောက်ဆုတ်မှာ မဟုတ်ဘူး၊ တိုက်ပွဲအောင်မြင်ပြီးဆုံး တဲ့အထိ ဆက်လက်ပြီး တိုက်ပွဲဝင်သွားမယ်" ဟုပြောကြားခဲ့ကြသည်။

☐ ယနေ့ ဆယ်ရက်နေ့ မြောက်ခရီးစဉ်ကို မနက် ၆နာရီ၄၅မိနစ် မှ ညနေ ၃နာရီ အထိ လမ်းလျှောက်ချီတက်ခဲ့ကြပြီး ပုံမှန်ချီတက်သူသုံးဦးတို့ နှင့် အတူ ဂျပန်နိုင်ငံသူငြိမ်းချမ်း ရေးခရီးသည် သီလရှင်ကြီး Jun Yasuda ဂျပန်နိုင်ငံသူ Yokokawachino, Margo Muller, Harley Muller, Aiden Feron, Seraphina Feron တို့ ကပါဝင်ချီတက်ခဲ့ကြသည်။ ခရီးမိုင်ပေါင်း ၁၀မိုင်အထိ အောင်မြင်စွာ ချီတက်နိုင်ခဲ့ကြသည်။

☐ ဆယ်ရက်မြောက်နေ့ ခရီးစဉ်၏ထူးခြားဖြစ်စဉ်တစ်ခုမှာ–– Hudson River Sloop Clear Water ခေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ၏ ဒါရိုက်တာဖြစ်သူ Ms. Manna Jo Greene ကချီတက်သူများနှင့် လာရောက်တွေ့ ဆုံ ဆွေးနွေးပြီး ယနေ့ ညနေ ၅နာရီ Rosendale မြို့ ၌ကျင်းပခဲ့သော Democratic Party Fund Raising အခမ်းအနားသို့ တက်ရောက်ကာ မြန်မာ့အရေးဝင်ရောက်ဆွေးနွေး ရန်ဖိတ်ကြားခဲ့ခြင်းပင်ဖြစ်သည်။

☐ အဆိုပါ အခမ်းအနားသို့ မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ၏ ဓာတ်ပုံများ ကို သယ်ဆောင်သွားကာတက်ရောက်ခဲ့ပြီး ဦးဟန်လင်း မှ မြန်မာပြည်အကြောင်း၊ စစ်အစိုးရ၏ ဆိုးသွမ်းရက်စက်မှု နှင့် ဖိနှိပ်ခံပြည်သူများ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်သူ ၆၀ ဦးတို့ ၏ စိတ်ဝင်စားမှု ကို အထူးပင်ရရှိခဲ့သည်။ ခရီးရှည်ချီတက်သူများကို အမေရိကန်နိုင်ငံသားများက "bright light for democracy in Burma" ဟု တင်စားချီးကျူးနေကြကြောင်းကြားသိရသည်။

ဆက်လက်ပြီး Ms. Manna က ခရီးရှည်ချီတက်ပွဲ အကြောင်းကို အတိုချုပ်ရေးသားကာ အမေရိကန်ပြည်ထောင်စုတခွင် သို့ အီးမေလ်း အစောင်၃၀၀၀ ခန့် အထိ ဖြန့် ချီပေးခဲ့ပြီး၊ လက်ခံရရှိသူအချို့ ထံမှ ပြန်စာများကို စတင်လက်ခံရရှိနေပြီဟုသိရသည်။ အလားတူပင် စက်တင်ဘာလ ၁၁ ရက်နေ့အတွက် World Peace Prayers များစုပေါင်းကာ ကျင်းပမည့် ဆုတောင်းပွဲတစ်ရပ် (နေရာအတိအကျ မသိသေး) သို့ လည်း ခရီးရှည်ချီ တက်သူ များကို တက်ရောက်ရန် ဖိတ်ကြားထားပြီး မြန်မာ့ ဒီမိုကရေစီ အရေးကို ပါဆွေးနွေးကြရန် လျာထားသည်ဟုသိရသည်။

☐ နိုင်ငံခြားသားများပင်လျှင် မြန်မာပြည် အရေးကို ကြားသိရုံမျှဖြင့် ပြည်တွင်းရှိ မြန်မာပြည်သူပြည်သားများ ၏ ဖိနှိပ်ခံဘဝကို စာနာပေးနိုင်ကြပြီး ပါဝင်ကူညီနေကြချိန်တွင် ပြည်ပရောက် မြန်မာများ အနေဖြင့်လည်း ငွေအားဖြင့်ဖြစ်စေ၊ လူအားဖြင့်ဖြစ်စေ ၊ ချီတက်နေသူများအားစာရေးထောက်ခံပေးခြင်းဖြင့်ဖြစ်စေ မိမိတို့ တတ်စွမ်းနိုင်သည့် ဘက်မှ ပါဝင်ကူညီဆောင်ရွက်ခြင်းဖြင့် အတူတကွတိုက်ပွဲဝင်ကြပါရန် တိုက်တွန်းလိုက်ပါသည်။

လွတ်မြောက်ရေးခရီးရှည်ချီတက်ပွဲ နှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ သတင်းထုတ်ပြန်ရေး အဖွဲ့ မှ နောက်ဆုံးသတင်းများကို နေ့စဉ် ဆက်လက်တင်ပြသွားမည် ဖြစ်ပြီး freedomlongmarch@aol.com သို့ ဖြစ်စေ http://longmarchandhungerstrike.odfb.org သို့ဖြစ်စေ ဆက်သွယ်ခြင်းဖြင့်ဖတ်ရှု နိုင်ကြောင်းအသိပေးအပ်ပါသည်။

---

For more information please contact:

Communication and Media Operators Committee

Aung Kyaw Myint - 607-339-7054 freelight0@aol.com Yan Myo Aung - 585-576-8521 yanmyoag@yahoo.com
Min Sun Min - 718-434-5292 kominmin@yahoo.com Nang San Nun - 917-519-3771 shanpyithu@yahoo.com
Sandi - 917-445-9222 freeassk@yahoo.com Nyan Win Lett - 646-321-5311 nyanwlett@yahoo.com